**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စီမံကိန်းဦးစီးဌာန**

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၈/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၂၈) ရက်

| ၂၈ - ၉ -၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၁၃.၄ |
| စင်္ကာပူဒေါ်လာ | ၁,၅၃၃.၀ |
| စတာလင်ပေါင် | ၂,၅၆၂.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၀၇.၃ |
| တရုတ်ယွမ် | ၂၈၇.၄၃ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၃၀ |
| အိန္ဒိယရူပီး | ၂၅.၂၄၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၄.၉၀ |
| မလေးရှား ရင်းဂစ် | ၄၄၆.၀၅ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၈၃၂ |
| ထိုင်းဘတ် | ၅၇.၁၄၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၀၆၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယသည် ဂျုံသိုလှောင်မှုဆိုင်ရာ ကန့်သတ်ချက်များကို တင်းကျပ်ထားသော်လည်း သွင်းကုန်အခွန် လျှော့ချရန်အစီအစဉ်မရှိ

➢ အိန္ဒိယအစိုးရသည် စိုက်ပျိုးရေးကဏ္ဍအတွက် ယုံကြည်စိတ်ချရမှုရှိသော အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ စာရင်းအချက်အလက်များ တစ်နေရာတည်းတွင် စုစည်းထားသည့် အချက်အလက် ဘဏ္ဍာတိုက်ကို လွှင့်တင်

➢ အရှေ့တောင်အာရှမှ အုန်းသီးများ တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်လာ

## အိန္ဒိယသည် ဂျုံသိုလှောင်မှုဆိုင်ရာ ကန့်သတ်ချက်များကို တင်းကျပ်ထားသော်လည်း သွင်းကုန်အခွန် လျှော့ချရန်အစီအစဉ်မရှိ

အိန္ဒိယအစိုးရအနေဖြင့် ကုန်သည်များ၊ ဂျုံစက်လုပ်ငန်းရှင်များ၏ ဂျုံသိုလှောင်ထားရှိနိုင်မှု ကန့်သတ်ချက်ပမာဏကိုပိုမိုလျှော့ချမည်ဖြစ်ကြောင်း၊ ဂျုံအပေါ် ကောက်ခံသည့် တင်သွင်းခွန်ကို ချက်ချင်းဖျက်သိမ်းရန် အစီအစဉ်မရှိကြောင်းနှင့် ပြည်တွင်းသုံးစွဲရန်အတွက် အလုံအလောက်ရှိကြောင်း ထိပ်တန်းအစိုးရအရာရှိတစ်ဦးက ပြောကြားထားသည်ဟု Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကုန်သည်များ၊ လက်ကားရောင်းချသူများနှင့် လက်လီအရောင်းဆိုင်ကြီးများအား ယခင်က ဂျုံတန်ချိန် ၃,၀၀၀ ထိ သို့လှောင်ခွင့်အား ခွင့်ပြုထားရာမှ ယခုအခါတန်ချိန် ၂,၀၀၀ ကိုသာ သိုလှောင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် လာမည့် ပွဲတော်ရာသီအတွင်း ဈေးနှုန်းများကို ထိန်းချုပ်ရန် လိုအပ်ပါက အရန်သိုလှောင်ထားသည့် ဂျုံများကို ဈေးကွက်အတွင်းသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာ၊ အစားအသောက်နှင့် ပြည်သူ့ဖြန့်ဖြူးရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ Sanjeev Chopra က ပြောကြားထားကြောင်း သိရသည်။

ထို့အပြင် Sanjeev Chopra က နိုင်ငံအတွင်း ဂျုံ၊ ဆန်နှင့် သကြား အလုံအလောက်ရှိသော်လည်း ထောက်ပံ့ရေးနှင့် ပတ်သက်သည့် ကောလာဟလများကို အခွင့်အရေးယူရန် ကြိုးစားနေသည့် မသမာသူတစ်ချို့ ရှိကြောင်း ပြောကြားထားသည်။

အိန္ဒိယသည် ယမန်နှစ်က ဂျုံအထွက်နှုန်းကျဆင်းပြီးနောက် တင်ပို့မှုကို ပိတ်ပင်ခဲ့ပြီး ယခုနှစ်တွင် ဘာစမာတီမဟုတ်သော ဆန်ဖြူများကို ပိတ်ပင်ခဲ့သည်။ အိန္ဒိယအစိုးရသည် ယခုနှစ်တွင် သကြားတင်ပို့မှုကို ကန့်သတ်ထားသောကြောင့် သကြားစက်များသည် လာမည့် အောက်တိုဘာလတွင် စတင်သည့်ရာသီချိန်တွင် သကြားတင်ပို့မှုကို ခွင့်ပြုနိုင်မည့်အခြေအနေ မရှိကြောင်းလည်း သိရသည်။

မကြာသေးမီကချမှတ်ခဲ့သည့် ပို့ကုန်ကန့်သတ်ချက်များကြောင့် အိန္ဒိယသည် ဆန်၊ ဂျုံနှင့် သကြားစသည့် အခြေခံကုန်စည်များ လုံလုံလောက်လောက် ရှိသည်မှာသေချာကြောင်း၊ အစိုးရအနေဖြင့် ပွဲတော်ကာလများအတွင်း ဆန်၊ ဂျုံနှင့် သကြားဝယ်လိုအားအတွက် လုံလောက်မှုရှိစေရန် ပြင်ဆင်ထားကြောင်း Chopra မှ ပြောကြားခဲ့သည်။

ထို့အပြင် ဩဂုတ်လတွင် နိုင်ငံ၏ သကြားသိုလှောင်မှုမှာ တန်ချိန် ၈.၅ သန်းရှိပြီး သီးနှံအသစ်မပေါ်မီ သုံးလခွဲကျော်အတွက် လိုအပ်ချက်ကိုဖြည့်ဆည်းရန် လုံလောက်မှုရှိကြောင်း၊ ဩဂုတ်လတွင် မိုးရွာသွန်းမှုမလုံလောက်မှုကြောင့် ကြံသီးနှံအတွက် စိုးရိမ်မှုအချို့ရှိခဲ့သော်လည်း အိန္ဒိယ၏

ကြံစိုက်ပျိုးမှု ထိပ်တန်းပြည်နယ်များဖြစ်သည့် မဟာရက်ရှ်ထရာနှင့် ကာနာတာကာပြည်နယ်တို့တွင် စက်တင်ဘာလအတွင်း မိုးရွာသွန်းမှုများကြောင့် သီးနှံကို အထောက်အကူဖြစ်စေကြောင်း Chopra မှ ပြောကြားထားသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် သကြား၊ ဂျုံနှင့် ဆန် ဒုတိယအများဆုံး ထုတ်လုပ်သူဖြစ်ပြီး ဂျုံဈေးနှုန်းများသည် ခုနစ်လအတွင်း အမြင့်ဆုံးအဆင့်အနီးတွင် အရောင်းအဝယ်ဖြစ်နေပြီး ကြာသပတေးနေ့တွင် သကြားဈေးသည် ခြောက်နှစ်အတွင်း အမြင့်ဆုံးသို့ မြင့်တက်ခဲ့ကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားသဖြင့် အိန္ဒိယနိုင်ငံ၏ ဂျုံဈေးနှုန်းထိန်းချုပ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source: India tighents wheat stocks limits, no plan to axe import tax, The Economic Times, September 15, 2023.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.........................................................................................

**အိန္ဒိယ အစိုးရသည် စိုက်ပျိုးရေးကဏ္ဍအတွက် ယုံကြည်စိတ်ချရမှုရှိသော အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ စာရင်းအချက်အလက်များ တစ်နေရာတည်းတွင် စုစည်းထားသည့် အချက်အလက်ဘဏ္ဍာတိုက်ကို လွှင့်တင်**

အိန္ဒိယ အစိုးရသည် စိုက်ပျိုးရေးကဏ္ဍအတွက် ယုံကြည်စိတ်ချရမှုရှိသော အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ စာရင်းအချက်အလက်များ တစ်နေရာတည်းတွင် စုစည်းထားသည့် အချက်အလက်ဘဏ္ဍာတိုက် (Unified portal for agri-statistics – UPAg) ကို သောကြာနေ့က လွှင့်တင်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးအတွက် အများပြည်သူဆိုင်ရာ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

အထက်ပါ စိုက်ပျိုးရေး စာရင်းအချက်အလက်ဘဏ္ဍာတိုက်သည်သည် မူဝါဒချမှတ်သူများ၊ သုတေသနပြုသူများနှင့် သက်ဆိုင်သူများအား အထောက်အထားပြည့်ပြည့်စုံစုံဖြင့် ဆုံးဖြတ်ချက်များချမှတ်ချက်ရာတွင် စံနှုန်းများနှင့်ကိုက်ညီပြီး ယုံကြည်စိတ်ချရသည့် အချက်အလက်များ ပံ့ပိုးပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

Agribusiness & Trade

UPAg ကို လွှင့်တင်ပြီးနောက် အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာ လေ့လာသုံးသပ်ရေး အဖွဲ့ ( Niti Aayog) ၏အဖွဲ့ဝင်ဖြစ်သူ Ramesh Chand က အိန္ဒိယ၏ စိုက်ပျိုးရေးနယ်ပယ်တွင် အချက်အလက်စီမံခန့်ခွဲမှုကိုချောမွေ့စေရန်နှင့် မြှင့်တင်ရန်ဒီဇိုင်းထုတ်ထားသည့် ဤဆန်းသစ်သော နည်းလမ်းသည် ပိုမိုထိရောက်ပြီးတုံ့ပြန်မှုရှိသော စိုက်ပျိုးရေးမူဘောင်များချမှတ်နိုင်ရန်အတွက် အလွန်အရေးကြီးသည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အချက်အလက်များသည် ဘက်လိုက်မှုကင်းပြီး သမာသမတ်ကျမှုမြင့်မားပါက အချက်အလက်များကို ဘာသာပြန်ဆိုရာတွင် တိကျသေချာစွာနှင့် ပွင့်လင်းမြင်သာမှုရှိသည့်အတွက် အချက်အလက်စုံလင်စွာဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်မည်ဖြစ်သဖြင့် မူဝါဒဆိုင်ရာချမှတ်မှုများကို လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ၎င်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စိုက်ပျိုးရေးအတွင်းဝန်ဖြစ်သူ Manoj Ahuja က UPAg Portal သည် သုံးစွဲသူများအား ယုံကြည်စိတ်ချရပြီး ဘက်လိုက်မှုမရှိသည့် အသေးစိတ်အချက်အလက်များကို ရယူနိုင်မည်ဖြစ်သကဲ့သို့ သုတေသနပိုင်းဆိုင်ရာကုန်ကျစရိတ် လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ UPAg တွင် အချက်အလက်များကို စနစ်တကျပြုစုထားရှိခြင်း၊ အချက်အလက်များခွဲခြမ်းစိတ်ဖြာခြင်း၊ အသေးစိတ်ကုန်ထုတ်လုပ်မှုအခြေအနေခန့်မှန်းခြင်းနှင့် ကုန်စည်အမျိုးအစားအလိုက် အစီရင်ခံစာ ကဲ့သို့သော အဓိကအင်္ဂါရပ်များ ပါရှိကြောင်း သိရှိရသည်။

UPAg သည် အရင်းအမြစ်များစွာမှ အချက်အလက်များကို စုစည်းရန်လိုအပ်မှုကို ဖယ်ရှားပေးပြီး ဈေးနှုန်း၊ ထုတ်လုပ်မှု၊ စိုက်ပျိုးဧက၊ အထွက်နှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်စေရန်ဆောင်ရွက်ထားကြောင်း၊ ၎င်းသည် ကုန်ထုတ်လုပ်မှုအလားအလာများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်မှုများနှင့် စားသုံးမှု အလားအလာကဲ့သို့သော နောက်ဆုံးအခြေအနေများ၊ စသည့်ထိရောက်သည့် သုံးသပ်ချက်များကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မူဝါဒချမှတ်သူများအား သတင်းအချက်အလက်စုံလင်စွာဖြင့် ဆုံးဖြတ်ချက်များချရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရှိရသည်။

UPAg သည် ကုန်ထုတ်လုပ်မှု ခန့်မှန်းချက်များကို အကြိမ်များစွာ ထုတ်ပေးနိုင်မည်ဖြစ်ပြီး အစိုးရ၏ စိုက်ပျိုးရေးဆိုင်ရာကြုံတွေ့ရသည့် အကျပ်အတည်းများကို လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းသည် အခက်အခဲပြဿနာဖြေရှင်းနည်းများကို အသုံးပြု၍ ကုန်စည်ကဏ္ဍအလိုက်အစီရင်ခံစာများကို ထုတ်လုပ်ပေးမည်ဖြစ်သဖြင့် ဘက်လိုက်သည့် သုံးသပ်ချက်များနည်းပါးပြီး သုံးစွဲသူများအား ပြည့်စုံသောအကြံပြုချက်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် အသုံးပြုသူများသည် ၎င်းတို့၏ကိုယ်ပိုင် အစီရင်ခံစာများကို ပြင်ဆင်ခြင်း၊ အချက်အလက်အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို မြှင့်တင်ရန်အတွက် ယခု စာရင်းအင်းအချက်

Agribusiness & Trade

အလက်ဘဏ္ဍာတိုက်ရှိအချက်အလက်များကို လိုအပ်သလို အသုံးပြုနိုင်မည်ဖြစ်ကြောင်း လည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးဌာန၏အဆိုအရ ယခုအစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် ပွင့်လင်းမြင်သာမှု၊ ခေတ်မီစနစ်ကျမှုတို့ကို ဆောင်ကြဉ်းပေးသည့် e-governance ၏ အခြေခံမူများ နှင့် ကိုက်ညီမှုရှိကြောင်းလည်း ဖော်ပြထားပါသည်။

စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို တစ်နေရာတည်းတွင် စုစည်းဖော်ပြခြင်း မူဝါဒ ချမှတ်ဆောင်ရွက်သူ များအတွက်သာမက စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ အတွက် လည်း လက်ရှိစိုက်ပျိုးနိုင်မှု၊ ကုန်စည်ထွက်ရှိနိုင်မှုအလားအလာ၊ ဈေးကွက်အခြေအနေဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာရရှိနိုင်မည်ဖြစ်သဖြင့် အလွန်အကျိုးရှိသည့် လုပ် ဆောင်ချက်ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့သော လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ဘဏ္ဍာတိုက်ကို လွှင့်တင်၍ တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုး ရေးသွင်းအားစုများနှင့် ကုန်သည်လုပ်ငန်းရှင်များကပါ သတင်းအချက်အလက်များကို အလွယ် တကူရယူဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

Source: Govt launches unified portal for agri-statistics to provide credible data on agri sector, The Economic Times, September 15, 2023.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.........................................................................................................

## အရှေ့တောင်အာရှမှ အုန်းသီးများ တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်လာ

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ လတ်လတ်ဆတ်ဆတ်အုန်းသီးများကို တင်သွင်းခွင့် ပြုပြီး ရက်ပိုင်းအတွင်း သစ်သီးကုန်သည် Chen Peizhu သည် တရုတ်ဝယ်လက်များထံမှ အမှာစာ များစွာ လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားအုန်းသီးများသည် အရည်အသွေးမြင့်ပြီး ဈေးနှုန်းအရလည်း ယှဉ်ပြိုင်နိုင်စွမ်း ရှိကြောင်း၊ ၎င်းတို့၏ အနံ့မွှေးသော အုန်းသီးမျိုးကွဲများသည် တရုတ်နိုင်ငံ၌ ရှားပါးသည်ဟု တရုတ် နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအခြေစိုက် သစ်သီးရောင်းဝယ်ရေးကုမ္ပဏီ Yuhua Hongda ၏ အထွေထွေမန်နေဂျာ Chen က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

Chen သည် လစဉ် အုန်းသီးကွန်တိန်နာ (၅)လုံးကို တင်သွင်းရန် စီစဉ်နေပြီး အများစုကို လက်ရှိခေတ်စားနေသော အုန်းသီးကြက်သားဟော့ပေါ့ စားသောက်ဆိုင်များသို့ ရောင်းချရန် သို့မဟုတ် တရုတ်လူငယ် စားသုံးသူများအကြား ရေပန်းစားနေသည့် ကျန်းမာရေးနှင့် ညီညွတ်သော အချိုရည်ဖြစ်သည့် အုန်းရေသန့်ဗူးအဖြစ် ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် အုန်းသီး၊ အုန်းရည်နှင့် အုန်းသီးနှင့်ဆက်စပ်ထုတ်ကုန်များ ရောင်းချမှုတွင် လိုအပ်ချက်များရှိနေသဖြင့် တင်သွင်းလာသည့် အုန်းသီးများအတွက် ဝယ်လိုအား များပြားမည်ဟု မျှော်လင့်ကြောင်း Chen က ပြောကြားခဲ့ပါသည်။

အုန်းသီးသည် တရုတ်စားသုံးသူများအတွက် အသစ်အဆန်းမဟုတ်ဘဲ Coconut Palm Group မှ ထုတ်လုပ်သော အုန်းနို့သည် Coca-Cola နှင့် Pepsi တို့နှင့်အတူ မိသားစုစားပွဲများတွင် နေရာယူထားသော်လည်း bubble tea ကဲ့သို့သော ဖျော်ရည်များ ခေတ်စားလူကြိုက်များလာချိန်တွင် ၎င်း၏ကျော်ကြားမှုမှာ လျော့ပါးသွားခဲ့ကြောင်း သိရှိရပါသည်။

သို့သော် မကြာသေးမီနှစ်များအတွင်း အုန်းသီးသည် တစ်ကျော့ပြန်ခေတ်စားလာခဲ့ပြီး အားကစားအချိုရည် ဈေးကွက်သို့ ဝင်ရောက်ကာ Luckin Coffee ၏ အုန်းသီးအရသာ latte အပါအဝင် လက်ဖက်ရည်နှင့် ကော်ဖီထုတ်ကုန်များ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်း အုန်းသီးထုတ်လုပ်မှု အများစုမှာ တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်နန်ပြည်နယ်မှ ဖြစ်ပြီး တစ်နှစ်လျှင် အုန်းသီးလုံး သန်း (၂၀၀) ထုတ်လုပ်ကြောင်း၊ သို့သော်လည်း တိုးတက်လာနေသော ပြည်တွင်းအုန်းသီးဝယ်လိုအားကို ဖြည့်ဆည်းရန် တရုတ်သစ်သီးကုန်သည်များသည် အရှေ့တောင်အာရှသို့ ခြေဆန့်လာကြကြောင်း သိရှိရပါသည်။။

အကောက်ခွန်အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံမှ အုန်းသီးတန်ချိန် (၁.၀၇)သန်း တင်သွင်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တင်သွင်းခဲ့သည့် တန်ချိန် (၈၇၂,၀၀၀) ထက် (၂၂.၈) ရာခိုင်နှုန်း မြင့်တက်လာကာ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့သည် အဓိကတင်ပို့သည့်နိုင်ငံများဖြစ်ကြကြောင်း သိရှိရပါသည်။

မလေးရှားနိုင်ငံမှ အုန်းသီးထွက်ကုန်များ ရောင်းချသူ Karta International က ၎င်း၏ အုန်းရည်သည် တရုတ်ဈေးကွက်တွင် ခြေကုပ်ယူထားပြီး Pinduoduo နှင့် Douyin ကဲ့သို့သော ပလပ်ဖောင်းများတွင် ကောင်းစွာ ရောင်းချနိုင်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၎င်းတို့အတွက် ကြီးမားသော ဈေးကွက်ဖြစ်ပြီး တရုတ်ပြည်သူများ၏ ကျန်းမာရေးအသိပညာများ မြင့်မားလာသဖြင့် အုန်းရည်ကဲ့သို့သော ကျန်းမာရေးနှင့် ညီညွတ်သော အချိုရည်များ သောက်သုံးမှုလည်း မြင့်တက်လာမည်ဟု Karta International ၏ ပို့ကုန် မန်နေဂျာ

Yeow Kian Siang က မကြာသေးမီက ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှ သစ်သီးဝလံများကို အဓိကတင်သွင်းသည့် ကွမ်ရှီးအခြေစိုက် သစ်သီးဝလံကုမ္ပဏီ Youxianyuan က လက်ရှိတွင် အရှေ့တောင်အာရှမှ အုန်းသီးများကို တရုတ်နိုင်ငံ၌ အမျိုးမျိုးသော ဝယ်လက်များ ရရှိနေပြီဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်းတို့သည် အုန်းသီးများကို အဓိကအားဖြင့် သစ်သီးလက်လီရောင်းချသူများအား ရောင်းချပေးလေ့ရှိပြီး ယခုအခါ ၎င်းတို့၏ဖောက်သည်များတွင် အုန်းသီးနုနှင့် အုန်းရည် အများအပြား လိုအပ်သည့် ဟော့ပေါ့စားသောက်ဆိုင်များ၊ အုန်းဂျယ်လီဖျော်ရည်ရောင်းချသူများနှင့် Bubble tea ဆိုင်များလည်း ပါဝင်သည်ဟု Youxianyuan ၏ ဒုတိယအထွေထွေမန်နေဂျာ Mo Jiaming မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အုန်းသီး အပါအဝင် အရှေ့တောင်အာရှမှ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်နိုင်ခြင်းသည် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တို့ကို အကောင်အထည်ဖော်ခြင်းကြောင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဈေးကွက်ဝင်ရောက်ခွင့် ရရှိခြင်းနှင့် အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းများလွယ်ကူအဆင်ပြေခြင်းစသည့် အကျိုးရလဒ်များကြောင့်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် အုန်းသီးကဲ့သို့ အပူပိုင်းဒေသသစ်သီးများ၏ ရေပန်းစားမှု မြင့်တက်လာခြင်းသည် တရုတ်ခရီးသွားများအတွက် ရေပန်းအစားဆုံး နေရာများအနက်မှ တစ်ခုဖြစ်သည့် အရှေ့တောင်အာရှရှိ ခရီးသွားရှုခင်းများ၏ နှစ်လိုဖွယ်အမှတ်တရများနှင့်လည်း ဆက်စပ်နေကြောင်း သိရှိရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းနှင့်အတူ ဒေသထွက်အစားအစာများနှင့် သစ်သီးများ တိုးမြှင့်တင်ပို့နိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: https://english.news.cn/20230923/6226a577a01143ce8784b55215c1277b/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်းနင်းမြို့

……………………………………………………………………………………………………

Agribusiness & Trade